ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၇ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၇ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ ဥပဒေအမှတ် ၃။)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၁၇ ခုနှစ် ၊ ဧပြီလ ၅ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ် ၊ ဧပြီလ ၁ ရက် နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသောရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကိုတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊ တိုင်းဒေသကြီး ဥပဒေချုပ် ၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်း များကို အမှန် စာရင်းများတွင်လည်းကောင်း၊ ထည့်သွင်း ဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြု ထားသော သုံးငွေ များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြု ချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ မူလခွင့်ပြုငွေ ဘောင်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် လွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့အား တိုင်းဒေသကြီး၏ ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့် ပတ်သက်၍ အကျိုးအကြောင်း ရှင်းလင်းဖော်ပြချက်များနှင့်အတူ အနီးစပ်ဆုံး တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်ထည့်သွင်း ဖော်ပြရမည်။

(ဃ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၁)နှင့် (၃)တို့တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၂) နှင့် (၄)တို့အရ ခွင့်ပြုထားသော အဖွဲ့အစည်း တစ်ခု၏ သုံးငွေများတွင် သာမန်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေများတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမရှိဘဲ မူလစီမံကိန်း တစ်ခုစီ အတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်း နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင် လည်းကောင်း ကိစ္စတစ်ရပ်ခြင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(င) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့်ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ခြင်းအကျိုးအကြောင်းဖော်ပြချက်များနှင့် အတူ ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(စ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာန၊အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား(၅) နှင့်(၆)တို့တွင်ဖော်ပြထားသောငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား(၅) နှင့်(၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၅)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့ အစည်းတစ်ခု၏ သုံးငွေများတွင် သာမန်သုံးငွေနှင့် ငွေလုံးငွေရင်း သုံးငွေများ လွှဲပြောင်းသုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ (၄)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသည့်အတိုင်း တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် သို့ တင်ပြသော ၂၀၁၇–၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်း ခြေငွေစာရင်းများတွင် "အကျိုး အကြောင်း ဖော်ပြချက်များနှင့်အတူ" ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော သာမန်အသုံး စရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေများ ပြောင်းလဲ ခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက် များ နှင့်အတူ ၂၀၁၇– ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံး ကျင်းပသည့် တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက် ရယူပြီး ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီး၊အစိုးရအဖွဲ့

# တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့ အစည်းများမှရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၂၀.၀၇၀ | | ၉၅၀၃.၃၅၀ | | | ၃၇၀၀.၀၀၀ | | | | ၁၃၃၂၃.၄၂၀ |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၀၆၇ | | | | | | | ၀.၀၆၇ |
| ၃ | တရားရုံးများ | တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၄၉၇.၆၂ | | | | | | | ၄၉၇.၆၂ |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)။ ။အဆုံး

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀ .၆၄၆ | | | | | | | ၀ .၆၄၆ |
| ၅ | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀ .၂၁၃ | | | | | | | ၀ .၂၁၃ |
| | ပေါင်း | | ၁၂၀ .၀၇၀ | | ၁၀၀၀၁ .၉၀၅ | | | ၃၇၀၀ .၀၀၀ | | | | ၁၃၈၂၁ .၉၇၅ |

# တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၀၁၂.၀၀၀ | | ၃၇၀၀.၀၀၀ | ၃၄၉၃၆.၅၀၀ | | | | ၄၈၆၄၈.၅၀၀ |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၁၃.၉၁၆ | | | ၆၂၈.၃၆၄ | | | | ၁၄၄၂.၂၈၀ |
| ၃ | တရားရုံးများ | တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၁.၄၄၀ | | | | | | | ၅၁.၄၄၀ |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၇၃၅.၁၂၀ | | | ၁၉၃.၅၀၀ | | | | ၉၂၈.၆၂၀ |
| ၅ | စာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၅၇၆.၀၄၇ | | | ၁၃၅.၄၄၇ | | | | ၁၇၁၁.၂၉၄ |
| | ပေါင်း | | ၁၃၁၉၉.၃၃၁ | | ၃၇၀၀.၀၀၀ | ၃၅၀၉၃.၀၁၁ | | | | ၅၂၇၉၃.၁၄၂ |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူ ပြည်သားများသုံးစွဲမှုအပေါ် တွင်ကောက်ခံသည့်အခွန်အကောက် | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၆၅၆.၅၆၇ | | | | | | | | | ၂၆၅၆.၅၆၇ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | | | | | | | | | | |
| | ၃ | သယ်ယူပို့ဆောင်ရေးအခွန် | | | | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | | | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၁၄၇.၉၅၀ | | | | | | | | | ၁၄၇.၉၅၀ |
| | ၂ | တာတမံခွန် | | ၀.၁၂၅ | | | | | | | | | ၀.၁၂၅ |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၂၀၅.၂၉၆ | | | | | | | | | ၂၀၅.၂၉၆ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၆၄.၂၃၀ | | | | | | | | | ၆၄.၂၃၀ |
| | ၅ | အင်းအိုင်ခွန် | | ၇၅၇.၀၀၀ | | | | | | | | | ၇၅၇.၀၀၀ |
| ၃ | | စည်ပင်သာယာရေးကော်မတီများနှင့်စည်ပင် သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၂၃၃.၆၀၁ | | | | | | | | | ၁၂၃၃.၆၀၁ |
| | ၂ | ဘီးခွန် | | ၃၀၁.၇၄၀ | | | | | | | | | ၃၀၁.၇၄၀ |
| ၄ | | တိုင်းဒေသကြီး၏ စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၎င်း | | | | | | | | | | |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၇၈ .၆၁၆ | | | | | | | ၇၈ .၆၁၆ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၆၃ .၅၉၁ | | | | | | | ၆၃ .၅၉၁ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀ .၀၂၅ | | | | | | | ၀ .၀၂၅ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၁၅ .၀၀၀ | | | | | | | ၁၅ .၀၀၀ |
| ၆ | | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၄င်း | | | ၈၅ .၈၅၁ | | | | | | | ၈၅ .၈၅၁ |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၄၄ .၁၀၄ | | | | | | | ၄၄ .၁၀၄ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၅ .၅၀၀ | | | | | | | ၁၅ .၅၀၀ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁၅ .၀၀၀ | | | | | | | ၁၅ .၀၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၉ .၄၀၇ | | | | | | | ၉ .၄၀၇ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁ .၈၄၀ | | | | | | | ၁ .၈၄၀ |
| ၇ | | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၄င်း | | | ၄၃ .၅၁၇ | | | | | | | ၄၃ .၅၁၇ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၃၄ .၀၀၀ | | | | | | | ၃၄ .၀၀၀ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန | | | | ၀ .၀၂၅ | | | | | | | ၀ .၀၂၅ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | | |
| | ၄ | သတ္တုတွင်းဦးစီးဌာန | | | | ၉ .၄၉၂ | | | | | | | ၉ .၄၉၂ |
| ၈ | | ကျန်းမာရေးနှင့် အားကစား | ၄င်း | | | ၂၅ .၉၈၂ | | | | | | | ၂၅ .၉၈၂ |
| | | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၂၅ .၉၈၂ | | | | | | | ၂၅ .၉၈၂ |

# တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၉ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀.၁၂၄ | | | ၁၇၇၁၂၀.၄၀၉ | | | | ၁၇၇၁၂၀.၅၃၃ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၆၉ | | | | | | | ၀.၀၆၉ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | ၀.၀၅၅ | | | | | | | ၀.၀၅၅ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၇၇၁၂၀.၄၀၉ | | | | ၁၇၇၁၂၀.၄၀၉ |
| ၁၀ | | ဆောက်လုပ်ရေး | ၄င်း | | | ၂၃၉.၅၆၆ | | | | | | | ၂၃၉.၅၆၆ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၁၉.၀၀၁ | | | | | | | ၂၁၉.၀၀၁ |
| | ၂ | လမ်းဦးစီးဌာန | | | | ၂၀.၅၆၅ | | | | | | | ၂၀.၅၆၅ |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၁၁၅၄၁.၃၆၂ | | | | | | | ၁၁၅၄၁.၃၆၂ |
| | | ပေါင်း | | ၅၄၄၆.၅၉၇ | | ၁၂၀၁၄.၉၁၀ | | | ၁၇၇၁၂၀.၄၀၉ | | | | ၁၉၄၅၈၁.၉၂၄ |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၄၈၅၇.၅၆၇** | | | **၈၆၂၄.၁၀၅** | | | | **၂၃၄၈၁.၆၇၂** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၁၅၈၆.၅၀၄ | | | ၄၅၄၀.၇၀၀ | | | | ၁၆၁၂၇.၂၀၄ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၂၇.၉၆၄ | | | ၁၂၀.၇၅၁ | | | | ၃၄၈.၇၁၅ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၃၀၄၃.၀၉၉ | | | ၃၉၆၂.၆၅၄ | | | | ၇၀၀၅.၇၅၃ |
| ၂ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း** | ၄င်း | **၆၅၃၁.၂၄၁** | | | **၁၂၄၅.၄၀၇** | | | | **၇၇၇၆.၆၄၈** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၄၀၀.၃၃၂ | | | ၇၃၁.၄၃၃ | | | | ၄၁၃၁.၇၆၅ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၃၃.၅၉၈ | | | ၁၀၁.၂၂၄ | | | | ၅၃၄.၈၂၂ |
| | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၉၃၂.၆၆၀ | | | ၁၀၇.၀၀၀ | | | | ၁၀၃၉.၆၆၀ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁၆၅၂.၀၇၅ | | | ၁၄၅.၇၅၀ | | | | ၁၇၉၇.၈၂၅ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၁၂.၅၇၆ | | | ၁၆၀.၀၀၀ | | | | ၂၇၂.၅၇၆ |
| ၃ | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | ၄င်း | **၃၆၃၅.၃၉၄** | | | **၅၆၃.၅၈၀** | | | | **၄၁၉၈.၉၇၄** |
| | ၁ | သစ်တောဦးစီးဌာန | | ၂၇၁၅.၀၃၁ | | | ၃၁၄.၇၆၀ | | | | ၃၀၂၉.၇၉၁ |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန | | ၈၀၇.၄၆၉ | | | ၁၉၂.၁၆၇ | | | | ၉၉၉.၆၃၆ |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၈၁.၆၅၂ | | | ၅၃.၀၀၀ | | | | ၁၃၄.၆၅၂ |
| | ၄ | သတ္တုတွင်းဦးစီးဌာန | | ၃၁.၂၄၂ | | | ၃.၆၅၃ | | | | ၃၄.၈၉၅ |
| ၄ | | **ကျန်းမာရေးနှင့်အားကစား** | ၄င်း | **၈၀၇.၄၀၃** | | | **၉၃၆.၃၀၀** | | | | **၁၇၄၃.၇၀၃** |
| | | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၈၀၇.၄၀၃ | | | ၉၃၆.၃၀၀ | | | | ၁၇၄၃.၇၀၃ |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အသုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၅ | | စိမ်းကိုန်းနှင့်ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄၅၆.၄၄၂ | | | ၅၆၃.၀၂၅ | | | | ၂၀၁၉.၄၆၇ |
| | ၁ | စိမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၁၁၂.၀၇၃ | | | ၃၈၇.၅၀၀ | | | | ၁၄၉၉.၅၇၃ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၂၁၉.၉၂၅ | | | ၁၆၃.၀၀၀ | | | | ၃၈၂.၉၂၅ |
| | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၂၄.၄၄၄ | | | ၁၂.၅၂၅ | | | | ၁၃၆.၉၆၉ |
| ၆ | | ဆောက်လုပ်ရေး | ၎င်း | ၅၃၃၄၀.၃၇၄ | | | ၃၆၅၇၅.၂၁၀ | | | | ၈၉၉၁၅.၅၈၄ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၉၆.၀၈၁ | | | ၁၁၄၃၀.၇၁၀ | | | | ၁၁၇၃၄.၇၉၁ |
| | ၂ | လမ်းဦးစီးဌာန | | ၅၃၀၄၄.၂၉၃ | | | ၂၅၁၃၆.၅၀၀ | | | | ၇၈၁၈၀.၇၉၃ |
| ၇ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၆၉၉၃.၀၆၇ | | | ၇၁၆၃.၇၁၆ | | | | ၁၄၁၅၆.၇၈၃ |
| | | ပေါင်း | | ၈၇၇၁၁.၁၆၈ | | | ၅၁၆၇၉.၀၃၁ | | | | ၁၃၉၃၉၀.၁၉၉ |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | လျှပ်စစ်နှင့်စွမ်းအင် | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၀.၀၀၀ | | | | | | | ၂၀.၀၀၀ |
| | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၂၀.၀၀၀ | | | | | | | ၂၀.၀၀၀ |
| | ပေါင်း | | | | ၂၀.၀၀၀ | | | | | | | ၂၀.၀၀၀ |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(ဖ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | **လျှပ်စစ်နှင့်စွမ်းအင်** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၂၄.၀၅၈ | | | ၁၁၅၁၆.၅၀၀ | | | | ၁၂၂၄၀.၅၅၈ |
| | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၇၂၄.၀၅၈ | | | ၁၁၅၁၆.၅၀၀ | | | | ၁၂၂၄၀.၅၅၈ |
| | ပေါင်း | | ၇၂၄.၀၅၈ | | | ၁၁၅၁၆.၅၀၀ | | | | ၁၂၂၄၀.၅၅၈ |